**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၆၇)**

**နေ့စွဲ – ၂၀. ၂. ၂၀၁၁**

## ခရစ်တော်၏စစ်မှန်သောလူသားဇာတိအကြောင်း

(Christ's Real Human Nature)

ကျွန်တော်တို့၏သခင်ဘုရားနှင့်ပတ်သက်၍ တန်ဖိုးအကြီးဆုံးအမှန်တရားမှာ သူသည် ကျွန်တော်တို့နှင့် အပြစ်မှလွဲ၍ ကျန်သည်များအားလုံးတွင် တူခြင်းဖြစ်ပါသည် (ဟေဗြဲ ၄း၁၅)။ သူသည် ကျွန်တော်တို့နှင့်တူသည်ဆိုသည်မှာ သူ့ထံတွင် ဘုရားဇာတိအပြင် ကျွန်တော်တို့၏လူသားဇာတိလည်း ရှိနေပါသည် ဆိုခြင်းဖြစ်သည်။ သူသည် ပုဂ္ဂိုလ်တဦးတည်းတွင် ဘုရားနှင့်လူသား ဖြစ်နေသူဖြစ်ပါသည်။

ခရစ်တော်၏ လူသားဇာတိအကြောင်းကို ပြောကြသောအခါ ကျွန်တော်တို့ အထူးပြုချင်သောအချက်(၅)ချက်ရှိပါသည်။ သူ့ထံ၌ စစ်မှန်သော၊ ပြည့်စုံသော၊ အပြစ်မဲ့သော၊ အားနည်းသောလူသားသဘာဝ၊ ပဋိညာဉ်လိုင်း၏ဗဟိုမှနေ၍လာသူ စသည်တို့ဖြစ်သည်။

ထိုအမှန်တရားတခုစီတိုင်းသည် ကျွန်တော်တို့၏ကယ်တင်ခြင်းအတွက် အရေးအကြီးနိုင်ဆုံးအဆင့်ဖြင့် အရေးကြီးကြပါသည်။

ခရစ်တော်၌ စစ်မှန်သောလူသားဇာတိရှိသည်ဆိုသည့်အမှန်တရားကို ရှေးကရှိခဲ့သောအသင်းတော်များ၏ သွန်သင်ချက်နှင့် ယနေ့မှားယွင်းသောအသင်းတော်အချို့၏သွန်သင်ချက်ဖြစ်သည့် ခရစ်တော်သည် လူယောက်ပုံစံနှင့်သာလာခဲ့သည်၊ သို့သော် စစ်မှန်သောလူသားခန္ဓာ၊ အသွေးနှင့်အသားနှင့်စစ်မှန်သောလူသားဝိညာဉ်တို့ မရှိပါဟုပြောသည့် သွန်သင်ချက်ကို ဆန့်ကျင်ကာ အထူးပြုပြောရမည်ဖြစ်သည်။ ကောင်းကင်တမန် လူသားပုံစံဖြင့် ပေါ်လာသကဲ့သို့သာဖြစ်ပါသည်ဟု ပြောကြသည်။

ခရစ်တော်သာ စစ်မှန်သောလူသားဇာတိသဘာဝကို မပိုင်ဆိုင်ခဲ့လျှင်၊ ကျွန်တော်တို့၏ကယ်တင်ခြင်းသည်လည်း တကယ့်အရာမဖြစ်နိုင်တော့ပါ။ အကယ်၍သာ သူ၏ခန္ဓာကိုယ်သည် ဖြစ်နေဟန်ရှိသည် ဆိုသည့်အဆင့်သာဆိုလျှင်၊ သူ၏ဝေဒနာခံစားခြင်းနှင့်အသေခံခြင်းသည်လည်း ဖြစ်နေဟန်ရှိသည် ဆိုယုံမျှသာဖြစ်ပါမည်၊ ထိုသို့ဆိုလျှင် ကျွန်တော်တို့၏ကယ်တင်ခြင်းသည်လည်း ဖြစ်နေဟန်မျှသာ ဖြစ်ပါတော့မည်။ တကယ်မဟုတ်နိုင်တော့ပါ။ ကျွန်တော်တို့ ကယ်တင်ခြင်း၏စစ်မှန်မှုသည်၊ သူ၏တကယ့်စစ်မှန်သောလူသားဇာတိအပေါ်တွင် တည်မှီနေပါသည်။ ဟေဗြဲ ၂း၁၄–၁၅က "ထိုကလေးတို့သည် အသွေးနှင့်အသားကို ပါဝင်ဆက်ဆံကြသူများ ဖြစ်ကြသလောက်၊ သူသည်လည်း အတူတူပင် ပါဝင်ဆက်ဆံပါသည်၊" ထို့နောက် ထိုသို့ပြုခြင်းသည် ကယ်တင်ခြင်းအတွက် မရှိမဖြစ်လိုအပ်ကြောင်း ယှုလိုဆက်ပြောသည်၊ "သေခြင်းဖြင့်သေခြင်း၏တန်ခိုးကို ပိုင်ဆိုင်သူ နတ်ဆိုးအား ဖျက်ဆီးပစ်ရန်ဖြစ်သည်၊ ထို့နောက် မိမိတို့တဘဝလုံးကျွန်ခံနေရသော သေခြင်းကို ကြောက်ရွံ့နေရခြင်းမှ သူတို့ကို ကယ်လွှတ်ပါသည်။"

ကျမ်းစာက ခရစ်တော်၏လူသားဇာတိ စစ်မှန်ကြောင်းကို သူသည် နေရာတိုင်း၌ကျွန်တော်တို့နှင့်တူညီကြောင်း၊ စုံစမ်းနှောက်ယှက်ခြင်းပင်ခံရကြောင်းကို အထူးပြုလျှက် သင်ပေးယုံမကပါ(ဟေဗြဲ ၄း၁၅)၊ အခြားသောနည်းလမ်းများဖြင့်လည်း သင်ပေးပါသည်။ သခင်ယေရှုဖွားမြင်ခြင်း၊ ကြီးပြင်းလာခြင်း၊ သင်ယူခြင်း၊ နာခံခြင်း၊ စားသောက်ခြင်း၊ မောပန်းခြင်း၊ ငိုကြွေးခြင်း၊ ဝေဒနာခံစားခြင်း၊ သေခြင်း စသည့်အကြောင်း အရာများကိုပြောပြသည့် ကျမ်းပိုဒ်များအားလုံး၌ သူ၏လူသားဇာတိစစ်မှန်ခြင်းကို သင်ပေးပါသည်။ ထိုကျမ်းပိုဒ်တို့က သူသည် လူသားစစ်စစ်တဦးဖြစ်ကြောင်း၊ ကျွန်တော်တို့နှင့်ဘာမဆို၌တူကြောင်း သင်ပေးကြသည်။ ဂေသရှေမန်ဥယာဉ်မှ သူ၏ဝေဒနာခံစားခြင်း၊ ပေတရုငြင်းပယ်ခြင်းကြောင့် စိတ်နာရခြင်း၊ ယုဒ သစ္စာဖေါက်မှုကြောင့် စိတ်နာရခြင်း၊ လက်ဝါးကပ်တိုင်ပေါ်စွန့်ပစ်ခံရခြင်းကြောင့် နာကျင်စွာခံစားရခြင်း စသည်တို့ကို သံသယဖြစ်ခြင်းသည် သူ၏မှန်ကန်ခြင်းကိုသာ သံသယဖြစ်သည်မဟုတ်ပါ၊ ထိုဝေဒနာခံစားခြင်းများဖြင့်ရလာသော ကျွန်တော်တို့၏ကယ်တင်ခြင်းကို သံသယဖြစ်ရာလည်းရောက်ပါသည်။

ထို့ကြောင့် ခရစ်တော်သည် ကျွန်တော်တို့၏အရိုး၊ ကျွန်တော်တို့၏အသား ဖြစ်တော်မူပါသည် (ဧဖက် ၅း၃၀)။ ဘုရားသခင့်ရှေ့တော်တွင် ကျွန်တော်တို့၏ကိုယ်စားပြုထိုက်သူ၊ ကျွန်တော်တို့အပြစ်များအတွက် ယဇ်ပူဇော်ခြင်းအ

နေနှင့် မိမိအသက်ကိုစွန့်ပေးသူဖြစ်ပါသည်။ သူသည် လူ၏အပြစ်အတွက် ပေးဆပ်ပေးရန်အတွက် လူတဦးဖြစ်လာသူဖြစ်သည်၊ ကျွန်တော်တို့ကို ဘုရားသခင့်ထံသို့ ပို့ပေးသူဖြစ်ပါသည်။

## ခရစ်တော်၏ပြည့်စုံသောလူသားဇာတိအကြောင်း
(Christ's Complete Human Nature)

ခရစ်တော်၏လူသားဇာတိနှင့်ပတ်သက်၍ ယုံကြည်ဖို့ရန်လိုအပ်သော အချက်(၅)ချက်ကို ပြောခဲ့ပြီးဖြစ်သည်။ ၎င်းတို့မှာ၊ စစ်မှန်သော၊ ပြည့်စုံသော၊ အပြစ်မဲ့သော၊ အားနည်းသော၊ ပဋိညာဉ်လိုင်း၏ဗဟိုမှနေ၍လာသူ စသည်တို့ဖြစ်သည်။

ယခုတွင် ခရစ်တော်၌ပြည့်စုံသောလူသားဇာတိသဘာဝရှိသည်ဆိုသော အံ့ဩစရာအမှန်တရားကို ကြည့်ကြပါမည်။ ဆိုလိုသည်မှာ ခရစ်တော်သည် ကျွန်တော်တို့၏အသွေးအသားဖြင့် ဖွားမြင်လာပါသည်၊ သူ့ထံတွင် လူသားကိုယ်ခန္ဓာသာမကပါ၊ လူသား၏ဝိညာဉ်လဲ ရှိပါသည်(လုကာ ၂၃း၄၆၊ ယော ၁၂း၂၇)၊ လူသား၏စိတ်ရှိသည် (ဖိ ၂း ၅)၊ လူသား၏ အလိုဆန္ဒလည်းရှိသည် (ယော ၆း၃၈)၊ နှလုံးသားလည်းရှိသည် (မဿဲ ၁၁း၂၉)၊ ကျွန်တော်တို့လူသားများတွင် ရှိသမျှသောအရာအားလုံး သူ့ထံတွင် ရှိပါသည်။

သူသည် ဘုရားတဝက်၊ လူသားတဝက် မဟုတ်ပါ၊ ပြည့်စုံသောလူသား၊ ပြည့်စုံသောဘုရား ဖြစ်ပါသည်။ သို့သော် တယောက်တည်းသောခရစ်တော်ဖြစ်ပါသည်။ ထိုအချက်သည် သူ၏လူသားဇာတိခံယူခြင်း၏ အံ့ဩစရာ၊ လျှို့ဝှက်နက်နဲခြင်းနှင့် လှပခန်းနားခြင်းတို့ဖြစ်ပါသည်။

ထိုအမှန်တရားကို အသင်းတော်သမိုင်းလျှောက်တွင် ငြင်းဆန်ခဲ့ကြသည်။ အချို့က လူသားဇာတိခံယူခြင်းကို၊ ခရစ်တော်၌ လူသားခန္ဓာကိုယ်သာရှိသည်၊ သို့သော် လူသား၏စိတ်နှင့် ဝိညာဉ်နေရာ၌ သူ၏ဘုရားဖြစ်ခြင်းက နေရာဝင်ယူသည်ဟု ရှင်းပြဖို့ ကြိုးစားကြသည်။ ထို့ကြောင့် တူညီသောဥပမာပေးရလျှင် သူသည် တိရိစ္ဆာန်ကိုယ်နှင့် လူသားစိတ်ရှိသူကဲ့သို့ ဖြစ်နေပါမည်။ ထိုသို့ဖြစ်လျှင် ခရစ်တော်၌ပြည့်ဝသောလူသားဇာတိ မရှိတော့ပါ၊တစိတ်တပိုင်းသာရှိပါတော့မည်။

သို့သော် ခရစ်တော်၌ ပြည့်ဝသောလူသားဇာတိရှိသည်ဟု ယုံကြည်ခြင်းသည် အလွန့်အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ကယ်တင်ခြင်းသည် ထိုအပေါ်၌ တည်နေပါသည်။

ခရစ်တော်သည် ကျွန်တော်တို့၏လူသားဇာတိသဘာဝအစိတ်အပိုင်းအားလုံးကို မိမိအပေါ်သို့ ယူဆောင်ရပါမည်။ အဘယ်ကြောင့်ဆိုသော် အစိတ်အပိုင်းတခုစီတိုင်းသည် ကယ်တင်ရန် လိုအပ်သောကြောင့်ဖြစ်ပါသည်။ ကျမ်းစာအမှန်တရားတခုဖြစ်သည် လုံးလုံးလျားလျားပျက်ဆီးနေခြင်းဆိုသည့်ဩဝါဒက ကျွန်တော်တို့၏အစိတ်အပိုင်းတခုစီတိုင်းသည် ပျက်စီးယိုင်ယွင်းလျှက်ရှိသည်ဟု သင်ပေးပါသည်။

ကျွန်တော်တို့၏ကိုယ်ခန္ဓာသည် ညစ်နွမ်းနေပါသည် (ဖိ ၃း၂၁)။ ကျွန်တော်တို့ဝိညာဉ်သည် ပျောက်ဆုံးနေသည် (မဿဲ ၁၆း၂၆)။ ကျွန်တော်တို့အလိုဆန္ဒသည် ကျွန်ဖြစ်နေပါသည် (ရောမ ၆း၁၆)၊ ကျွန်တော်တို့စိတ်၌ ဇာတိနှင့်ဆိုင်သည်များသာရှိပါသည်၊ ဘုရားသခင်ကိုဆန့်ကျင်ခြင်းတို့နှင့် ပြည့်နေပါသည်၊ ထို့ကြောင့် ဘုရားသခင်၏ပညတ်တော်များအောက်၌ မနေနိုင်ပါ (ရောမ ၈း၇၊၈)၊ ကျွန်တော်တို့နှလုံးသားသည် အရာခပ်သိမ်းထက်ကောက်ကျစ်စဉ်းလဲပါသည်၊ ရစရာမရှိအောင် ဆိုးညစ်ပါသည် (ယေ ၁၇း၉)။ ကျွန်တော်တို့၏လူသားဇာတိထဲတွင် ကောင်းကွက်ကလေး တကွက်မျှ မရှိပါ။

ထို့ကြောင့် ခရစ်တော်သည် ကျွန်တော်တို့၏ပြည့်ဝသောလူသားဇာတိသဘာကို သူ့အပေါ်သို့ ယူတင်ဝတ်ဆောင်ပါသည်၊ ထိုသို့ဖြင့် သူသည် ထိုအထဲ၌ အစိတ်အပိုင်းအားလုံးတို့အတွက် အပြစ်ဖြေခြင်းကိုပြုသည့်အနေနှင့် ဝေဒနာများကို ခံစားနိုင်မည်ဖြစ်ပါသည်။ ထိုနည်းလမ်းဖြင့် သူသည် ကျွန်တော်တို့ကို ကယ်တင်ပါသည်၊ နှလုံးသား၊ စိတ်၊ ဝိညာဉ်၊ ခွန်အား စသည်တို့ကို အပြစ်၏တန်ခိုးနှင့်လွှမ်းမိုးအုပ်ချုပ်မှုမှနေ၍ ကယ်တင်ခြင်းဖြစ်ပါသည်၊ ထို့နောက် ကျွန်တော်တို့ကို ကျွန်တော်တို့၌ရှိသမျှဖြင့် ဘုရားသခင်၏အစေခံများ၊ သားသမီးများ ဖြစ်လာစေပါသည်။

ခရစ်တော်သည် ပြည့်ဝသောကယ်တင်ရှင်ဖြစ်ပါသည်။ သူ့အတွက် ဘုရားသခင်ကိုကျေးဇူးတင်ရပါမည်။ သူ့မှလွဲ၍ အခြားသောကယ်တင်ရှင်မရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏**စာအုပ်မှ ဘာသာပြန်ပါသည်**)

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## ကောင်းကင်နိုင်ငံတော်၏ စုသိမ်းခြင်းအကြောင်း (ဒုတိယပိုင်း)

**လူမျိုးနွယ်ဆက်များတလျှောက် အသင်းတော်စုသိမ်းခြင်း**

နိုင်ငံတော်အတွင်းတွင် ဇာတိပကတိမျိုးစေ့များအဘယ့်ကြောင့်ပါဝင်နေရပါသနည်း? ပေါင်းမြက်ပင်ပုံဥပမာက ဤပြဿနာကို အသင်းတော်အားဖျက်ဆီးရန်ကြိုးနေသော နတ်ဆိုးကြီး၏ကြိုးစားအားထုတ်မှု ရှုထောင့်မှရှုမြင်သုံးသပ်ထား၏။ ယခု ငါးဖမ်းပိုက်ပုံဥပမာတွင် ဤပြဿနာကို သခင်ဘုရားကသူ၏အသင်းတော်အား စုသိမ်းခြင်းရှုထောင့်မှ ရှုမြင်သုံးသပ်ထား၏။ သမိုင်းဝင်ထင်ရှားပေါ်ထွန်းလျက်ရှိသောနိုင်ငံတော်အတွင်းမှ ဆိုးညစ်သောသူများသည် တဦးတယောက်ချင်းစီ စုသိမ်းခြင်းခံရသူများမဟုတ်ကြဘဲ၊ မျိုးနွယ်ဆက်အလိုက်စုသိမ်းခြင်းအထဲတွင်ပါဝင်လာကြသူများဖြစ်သည် –ဟူသောအချက်ဖြင့် ရှင်းပြရမည်ဖြစ်၏။

ယနေ့ခေတ်တွင် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းနှင့် အသင်းတော်ကိုစုသိမ်းခြင်း –ပြုဖို့ကြိုးစားသူများလုပ်လေ့ရှိသည့် ကြီးလေးသည့်အမှားတခုမှာ– ဤလုပ်ငန်းကိုတသီးပုဂ္ဂလနှင့်ဆိုင်သောလမ်းစဉ်အဖြစ် ယုံကြည်လုပ်ဆောင်တတ်ကြခြင်းဖြစ်၏။ အသင်းတော်စုသိမ်းခြင်းလုပ်ငန်းကို တသီးပုဂ္ဂလရှုထောင့်မှကြည့်ရှု၍ ယုံ ကြည်သူတဦးချင်းစီကိုလဲ သူတို့၏ဘိုးဘေးများနှင့် သူတို့၏သားသမီးများနှင့်မဆက်စပ်ဘဲ သီးသန့်စဉ်းစားတတ်ကြ သည်။ ဤသို့လုပ်ခြင်းသည်မှားယွင်းနေ၏။ ဘုရားသခင်ဘယ်တော့မှ ဤသို့မလုပ်ပါ။ ဘုရားသခင်သည်အစဉ်အမြဲစည်းစနစ်တကျဖွဲ့စည်းထားသောအစုအဖွဲ့အားဖြင့်အလုပ်လုပ်လေ့ရှိပြီး၊ လူတို့နှင့်ဆက်ဆံရာတွင်လဲ အထူးသဖြင့်မျိုးရိုးစဉ်ဆက်အားဖြင့် ဆက်ဆံလုပ်ဆောင်လေ့ရှိ၏။ အကယ်၍ဤအခြေခံအကျဆုံးအမှန်တရားကိုမေ့လျော့ခဲ့ပါလျှင် အဆိုးရွားဆုံးသော အကျိုးသက်ရောက်မှုများနှင့်ကြုံတွေ့ရမည်ဖြစ်၏။ ဤအမှန်တရားတွင်ပါဝင်သောအရာများစွာရှိသော်လည်း ဤနေရာတွင်အနည်းငယ်ကိုသာပေါ်ပြသွားပါမည်။

ပါဝင်သောအရာများထဲမှ –(ပထမနှင့်အရေးအပါဆုံးအချက်မှာ)–ဘုရားသခင်သည် အမြဲတမ်းပင် သူ၏လူများကို မျိုးရိုးစဉ်ဆက်တလျှောက်ကယ်တင်ခြင်းပေးသွားသည်ဟူသောအချက်ဖြစ်၏။ ဤအချက်သည် ဓမ္မဟောင်းခေတ်တလျှောက်လုံး မှန်ကန်ခဲ့၏။ အဖေမှသားဆီသို့ဆက်သွယ်သွားသော ပဋိညာဉ်လိုင်းကြောင်းကို အလွယ်တကူခြေရာခံလိုက်၍ရ၏။ ထိုလိုင်းသည် အာဒံထံမှအစပြုခဲ့၏။ အာဒံကျဆုံးသွားခြင်းနှင့် လူမျိုးနွယ်ဆက်တခုလုံးအာဒံအထဲတွင်ကျဆုံးသွားရခြင်း မှန်ကန်လှ၏။ လူမျိုးနွယ်အဖွဲ့အစည်းကြီးတခုလုံးသည် အာဒံကဘုရားစကားမနာခံသည့်အချိန်တွင်သူ့အထဲ၌သေဆုံးသွားခဲ့၏။ အာမေးနီးယန်းဝါဒီတို့သည် ပုဂ္ဂလိကကယ်တင်ခြင်းဝါဒ လက်ကိုင်ထားကြသောကြောင့် အထက်ပါအချက်ကို မေ့လျော့ခြင်းဖြင့်မှားယွင်းခြင်းသို့ရောက်ကြ၏။ အာမေးနီးယန်းဝါဒီတို့သည် လူသားကျဆုံးခြင်းကိုလက်ခံသော်လည်း လူမျိုးနွယ်ကျဆုံးရခြင်းအကြောင်းမှာ အာဒံအပြစ်ကျူးလွန်ခဲ့မှုကြောင့်ဖြစ်ကြောင်းနှင့် လူတို့၏အပြစ်နွံထဲနစ်မွန်းနေရခြင်းအကြောင်းရင်းမှန်မှာ ထိုအပြစ်ကျူးလွန်မှုကိုဘုရားသခင်ကပြစ်ဒဏ်ခတ်ထားခြင်းကြောင့်ဖြစ်ကြောင်း –တို့ကို သွန်သင်ပေးဖို့ပျက်ကွက်ခဲ့ကြ၏။

အါဒံနှင့်ဧဝတို့အပြစ်၌ကျဆုံးပြီးပြီးချင်းပင် ဘုရားသခင်က မိန်းမ၏မျိုးစေ့နှင့်မြွေဆိုး၏မျိုးစေ့တို့သည် ခါးသီးရှည်လျားသောစစ်ပွဲကြီးကို လူ့သမိုင်းစဉ်တလျှောက်ဆင်နွှဲကြလိမ့်မည့်အကြောင်း ပြောပြခဲ့၏။ မိန်းမ၏မျိုးစေ့သည် အဓိကအားဖြင့် သခင်ခရစ်တော်ကိုရည်ညွှန်းကြောင်းမှန်ကန်သလို၊ သခင်ခရစ်တော်၏အတွင်း၌မိန်းမ၏အမျိုးအနွယ် အဆက်ဆက်ထဲမှကယ်တင်ခြင်းခံစားရမည့် ရွေးကောက်ခံသူတို့ပါဝင်နေကြပါ၏။ ထို့ကြောင့် ဓမ္မဟောင်းကာလတွင် ပဋိညာဉ်လိုင်းကြောင်းကိုလွယ်ကူစွာဖြင့် –အာဒံမှတဆင့်–ဆက်သ်၊ မှတဆင့်–ဧနောက်၊ မှတဆင့်–မသုရှလ၊ မှတဆင့်–နောဧ၊ မှတဆင့်–အာဗြဟံ၊ မှတဆင့်–အိုင်းဆက်၊ မှတဆင့်–ဂျက်ကော့ဘ်၊ မှတဆင့်–ဖခင်(၁၂)ဦး၊ ထို့နောက်၊ ပို၍ကျဉ်းမြောင်းစွာ ယုဒမှတဆင့်–ဒေးဗစ်၊ မှတဆင့်–ဆော်လမွန်၊ မှတဆင့်–မာရိ၊ မှတဆင့်–သခင်ခရစ်တော် –ဟူ၍ခြေရာခံနိုင်ပါ၏။

ဤအချက်သည် ဓမ္မသစ်ကာလတွင်လဲမှန်ကန်မှုလျော့မသွားပါ။ ဝမ်းမြောက်ဘွယ်ရာဧဝံဂေလိတရားသည် တိကျသောလမ်းကြောင်းတလျှောက် –ဂျေရုဆလင်–မှတဆင့်–ဂျူဒီးယား၊ မှတဆင့်–ဆမားရီးယား၊ မှတဆင့်–ဆီးရီး ယား၊ မှတဆင့်–အာရှမိုင်းနား၊ မှတဆင့်ဂရိ၊ မှတဆင့်–အီတလီ၊ မှတဆင့်ဥရောပ၊ မှတဆင့်–အမေရိကား၊ –သို့ ပျံ့နှံ့ သွားခဲ့ခြင်းဖြစ်၏။ ဤသို့ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏တည်ငြိမ်၍တိကျသောတိုးတက်မှုဖြစ်စဉ်ကြီးထဲတွင် တသီးပုဂ္ဂလများကို ဟိုနေရာတယောက်ဒီနေရာတယောက် ကောက်ယူကယ်တင်ခြင်းမျိုးမဟုတ်ဘဲ မိသားစုဆွေမျိုးစုအလိုက်ကယ်တင်ခြင်းခံစားကြရခြင်းဖြစ်၏။ မိသားစုများသည် ပဋိညာဉ်တရားတော်ထဲသို့စုသိမ်းခြင်းခံစားကြရ၏။ ယုံကြည်သူများနှင့် သူတို့၏မျိုးစေ့များသည်

ကောင်းကင်နိုင်ငံတော်၏နိုင်ငံသားများအဖြစ်သို့ပြောင်းပေးခြင်းခံကြရ ၏။ လူတဦးချင်းကိုရွေး၍ကယ်တင်ခြင်းမဟုတ်ဘဲ၊ ယုံကြည်သောမိဘများနှင့်သူတို့သားမြေးများကိုကယ်တင်ခြင်းဖြစ် ၏။ ဤအမှန်တရားအကြောင်းကို ဘုရားသခင်က အာဗြဟံနှင့်သူ၏သားမြေးများ–နှင့်ပြုလုပ်သောပဋိညာဉ်တရားအားဖြင့် ဓမ္မဟောင်းကာလတွင် ထပ်ကာတလဲလဲပြောပြထားယုံသာမက၊ တမန်တော်ကြီးရှင်ပေါလုက (တမန် ၂း၃၀)–ပင်တီကော့စ်နေ့တရားဒေသနာဟောပြောသည့်အခါတွင် ––အဘယ့်ကြောင့်ဆိုသော် ကတိတော်သည် သင်တို့အတွက်၊ သင်တို့၏သားသမီးတို့အတွက်၊ နှင့်ငါတို့အရှင်ဘုရားသခင်ခေါ်တော်မူခြင်းခံရလိမ့်ဦးမည့် နီးနီးဝေးဝေးလူအားလုံးအတွက်ဖြစ်၏––ဟူ၍ ပြန်လည်ထဲ့သွင်းပြောဆိုခဲ့၏။

ပိုက်ကွန်ထဲတွင် ဆိုးသောငါးများပါရှိနေရခြင်းအကြောင်း

ဆိုးသောသူများကိုအသင်းတော်ထဲမှာတွေ့နေရခြင်း၏ အကြောင်းအရင်းများစွာရှိသည်။ အချို့သောသူများသည် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏ဆွဲဆောင်မှုကိုအပြင်ပန်းအားဖြင့်ကြိုက်နှစ်သက်ကြသောကြောင့် (အစစ်အမှန်ယုံကြည်ခြင်းမရှိသော်လည်း) အသင်းတော်ထဲသို့ဝင်ရောက်လာတတ်ကြသည်။ တမန်တော်ဝတ္ထုထဲမှ အာနားနီးယပ်စ် နှင့် ဆဖီးရားစ်–မောင်နှံကဲ့သို့သောသူမျိုးဖြစ်ကြပေ၏။

အချို့သောသူများအတွက်မူ အသင်းတော်ဝင်ဖြစ်ခြင်းဖြင့် သူတို့အသိုင်းအဝိုင်းထဲတွင် စီးပွားရေးအခွင့်အလမ်းကောင်းသောကြောင့် ဝင်ရောက်လာတတ်ကြသည်။ သူတို့ဆက်သွယ်လိုသောသူတဦးဦးသည် အသင်းတော်အသိုင်းအဝိုင်းမှဖြစ်နေပြီး၊ ထိုအသင်းတော်၏အသင်းဝင်ဖြစ်သွားခြင်းဖြင့် ပို၍ကောင်းမွန်သောဆက်ဆံရေး ရရှိလာနိုင်သောကြောင့်လဲဖြစ်နိုင်သည်။

တချို့သောသူတွေကတော့ လက်ထပ်ခြင်းအားဖြင့်အသင်းတော်ထဲရောက်ရှိလာကြသည်။ ထိုသူများအတွက်တော့ အသင်းတော်တခုခုကိုမဝင်ရောက်နိုင်စရာအကြောင်းမရှိ၊ သူတို့လက်တွဲဖေါ်၏အသင်းတော်သို့ပူးပေါင်းခြင်းအားဖြင့် သူတို့၏မင်္ဂလာခရီးကို ပို၍နှစ်သက်ဘွယ်ကောင်းစွာအစပြုနိုင်မည်ဟု မျှော်လင့်ထားကြ၏။

ထို့အတူ တခါတရံအသင်းတော်သည် သူ့ပတ်ဝန်းကျင်တွင်နာမည်ကောင်းရနေပြီး အိမ်နီးနားချင်းတို့က ထိုအသင်းတော်ထဲပါဝင်ခြင်းဖြင့် ကောင်းကင်ဘုံကဲ့သို့သောဘဝမျိုးကို အမြည်းသဘောမျိုးရရှိနိုင်သည်ဟုထင်ပြီး အသင်းဝင်လာတတ်သည်။

ဆိုးသောငါးများကိုအသင်းတော်အတွင်းသို့ဝင်ရောက်စေသော အကြောင်းရင်းများစွာရှိပါသေး၏။ အမှန်စင်စစ် ငါးဖမ်းပိုက်ကွန်ထဲတွင်ဆိုးသောငါးများပါလာခြင်းမှာ ရှောင်လွှဲ၍မရပေ။ ယုံကြည်သူတို့၏မျိုးဆက်များထဲမှာလဲ ရှုံ့ချပြစ်တင်ခြင်းခံရသောမျိုးစေ့တို့ အမြဲပါဝင်နေတတ်၏။ (––အစ္စရေးဟုအခေါ်ခံရသူတိုင်း အစ္စရေးလူမှန်မဟုတ်ပါ ––ရောမ ၉း၆)။ ဤအရာသည် ဓမ္မဟောင်းကာလတွင် မှန်ကန်ခဲ့ပြီးဖြစ်၏။ နိုင်ငံတော်၏သမိုင်းဝင် ခေတ်ကာလအဆက်ဆက်တွင် မယုံကြည်သူများအမြဲတမ်းမွေးဖွားလာမြဲဖြစ်၏။ အိုက်ဇက်(ယုံကြည်သူ)–မွေးဖွားလာသလို၊ အစ္စမေးလ်(မယုံကြည်သူ)– လဲမွေးဖွားလာခဲ့၏။ အိုက်ဇက်နှင့်ရေဘက္ကာ–ဇနီးမောင်နှံတို့မှ ဂျက်ကော့ဘ်(ယုံကြည်သူ) နှင့် ဧသော(မယုံကြည်သူ) –ဟူသော သား(၂)ယောက်မွေးဖွားလာ၏။ ထို့အတူ အစ္စရေးအမျိုး(၁၂)မျိုးသည်လဲ မည်သည့်နည်းနှင့်မျှ တယောက်မကျန်ကယ်တင်ခြင်း မခံရနိုင်ပါ။ အမှန်စင်စစ်၊ အကြိမ်တော်တော်များများမှာ ဆိုးညစ်သောမျိုးစေ့တို့က လူများစုကြီးဖြစ်နေတတ်သည်။ ဘုရားသခင်၏စစ်မှန်သောလူမျိုးတို့မှာ အကြွင်းအကျန်မျှသာဖြစ်သွားတတ်သည်။ သခွားဥယာဉ်ထဲမှ တဲကလေးသဖွယ်ဖြစ်၏(ဟေရှာယ ၁း၈)။

ဓမ္မသစ်ခေတ်တွင်လဲ ထိုနည်းတူပင်ဖြစ်၏။ ယုံကြည်သူမိဘများမှမွေးဖွားလာကြသူအားလုံးသည် ပဋိညာဉ်တရားအတွင်းမှာမွေးဖွားလာကြခြင်းဖြစ်သော်လည်း အားလုံးစစ်မှန်သောပဋိညာဉ်မျိုးစေ့မဟုတ်ကြပါ။ သမိုင်းဝင်ပေါ်လွင်ထင်ရှားလျက်ရှိသောနိုင်ငံတော်အတွင်းမှာ အယူဝါဒစွန့်ပစ်သူများ၊ မယုံကြည်သူများ၊ အရေခြုံကြောင်သူတော်များ၊ ဆိုးညစ်သောသူများလဲ ပါဝင်လျက်ရှိကြ၏။ ရွေးကောက်ခြင်းခံရသူအဆက်အနွယ်များနှင့် ပြစ်တင်ရှုံ့ချခြင်းခံရသူအဆက်အနွယ်များကို ပဋိညာဉ်တရား၏သမိုင်းကြောင်းတလျှောက်မှာ အတူတကွဆက်၍တွေ့နေရ၏။

ဘုရားသခင်သည် လူသားတို့နှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံလေ့ရှိ၏။ တသီးပုဂ္ဂလတဦးချင်းသာ ပြစ်တင်ရှုံ့ချခံရခြင်း၊ ဆုံးရှုံးရာသို့ရောက်ခြင်းမဟုတ်ပါ။ လူမျိုးတမျိုး၏သားစဉ်မြေးဆက်အားလုံး အယူဝါဒစွန့်ပစ်သွားကြ၏။ တသီးပုဂ္ဂလတဦးအား သူတယောက်ထဲသီးသန့်ဆက်ဆံခြင်းမဟုတ်ဘဲ၊ မျိုးနွယ်ဆက်အားဖြင့်၊ (သို့မဟုတ်) လူတယောက်၏ သူနှင့်သူ၏အမျိုးအနွယ်အကြား ဆက်စပ်နေမှုအားဖြင့် –သာလျှင် ဘုရားသခင်ကသူ၏ရွေးကောက်ခြင်းနှင့်ပြစ်တင်ရှုံ့ချခြင်းအကြံအစည်တော်ကိုပြည့်စုံစေလေ့ရှိ၏။ ဘုရားသခင်သည် သူ့ကိုမုန်းတီးသောဖခင်တို့၏

ဆိုး ယုတ်သောအပြစ်ဒဏ်ကို သားစဉ်မြေးဆက် တတိယနှင့်စတုတ္ထအဆက်တိုင်အောင် ဒဏ်ခတ်တတ်၏။ မျိုးနွယ်ဆက် များ ယုံကြည်ခြင်းစွန့်ပစ်ခြင်း၊ သမ္မာတရားမေ့လျော့ခြင်း –တို့ဖြစ်ပေါ်ကြသည်။ ဤအမှုအရာသည် အသင်းတော်၏ လှုပ်ရှားမှုအားလုံး၏ အခြေခံပုံစံပင်ဖြစ်၏။ အသင်းတော်၏ သာသနာလုပ်ငန်းတွင်လည်းဤသို့ပင်ဖြစ်၏။ ဤသို့ ယုံကြည်ခြင်းစွန့်ပစ်သောမျိုးဆက်များထဲမှ ကြွင်းကျန်ရစ်သူများကယ်တင်ခြင်းခံရနိုင်ပေမည်။ သို့သော် အများကြီး တော့မဟုတ်၊ အကြွင်းအကျန်အဖြစ်သာဆက်၍သွားနေမည်။ အစ္စရေးအမျိုးသည်လဲ တမျိုးလုံးအတိုင်းအတာဖြင့် သခင်ခရစ်တော်ကိုမေ့လျော့ကြပြီး၊ ဘုရားသခင်၏မေ့လျော့ခြင်းကိုလည်းခံကြရသည်။(အကြွင်းအကျန်များကတော့ ကယ်တင်ခြင်းခံကြရပြီး၊ ခေတ်ကာလသစ်တိုင်အောင် ကယ်တင်ခြင်းခံကြရလိမ့်မည်ဖြစ်၏။) သူတို့သည် တယောက် တလေအားဖြင့်၊ အမျိုးအနွယ်တခုအားဖြင့်သာမကဘဲ တမျိုးသားလုံးအတိုင်းအတာဖြင့် ဝမ်းမြောက်ဘွယ်ရာသတင်း ကောင်းကိုငြင်းပယ်ကြခြင်းဖြစ်၏။ အသင်းတော်သည်သူတို့အထဲမှနေ၍ စုသိမ်းဖွဲ့စည်းထားခြင်းဖြစ်သော်လည်း၊ အစ္စရေးအမျိုးသားထုကြီးတရပ်လုံးအနေဖြင့် ဘုရားသခင်၏မေ့လျော့ခြင်းကိုခံကြရပြီဖြစ်၏။ သူတို့ထံသို့ ဘုရားသခင်ဘယ်တော့မှ ပြန်မလာတော့ပါ။

ပဋိညာဉ်တရားလိုင်းကြောင်းကို ရာဇဝင်များ၏လွင်ပြင်တလျှောက်စီးဆင်းနေသော မြစ်ကြီးတစင်းအဖြစ် ကျွန်တော်တို့နှိုင်းယှဉ်၍ကြည့်နိုင်သည်။ ဤလွင်ပြင်က ဘုရားသခင်၏ထာဝရပဋိညာဉ်တရား ရာဇဝင်ထဲမှာလက် တွေ့အကောင်အထည်ပေါ်လာခြင်းကို ပုံဆောင်သည်။ ဤလွင်ပြင်ထဲသို့ဖြတ်စီးနေသောရေစီးကြောင်းထဲသို့ စမ်း ချောင်းသစ်ကလေးများက အဆက်မပြတ်စီးဝင်နေကြသည်။ ၎င်းတို့က ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟော ပြောခြင်းအားဖြင့် ခေါ်ဆောင်လိုက်သော ပဋိညာဉ်မိသားစုဝင်အသစ်များ၏မျိုးဆက်များကို ကိုယ်စားပြုနေကြ၏။ သို့သော် ရာဇဝင်၏နေ့ရက်များတလျှောက် စီးဆင်းနေရင်းနှင့် မြစ်ကြီးထဲမှရေများစွာပျောက်ဆုံးသွားကြသည်။ ရေ တချို့သည် မြစ်ဘေးတလျှောက်ရှိမြေဆီလွှာ၏ စုပ်ယူခြင်းခံလိုက်ရသည်။ ရေတချို့ကတော့ နေ၏အပူရှိန်ကြောင့် အငွေ့ပျံသွားရသည်။ ရေတချို့ကတော့ မြစ်ထဲရှိရေဝဲကတော့များထဲတွင်ပျောက်ဆုံးသွားရသည်။ ရေတချို့ကတော့ ကျောက်တုံးကျောက်ဆောင်များနှင့်တိုက်မိရာမှ ရေမှုန်ရေမွှားများအဖြစ်ပျောက်ဆုံးသွားရသည်။ ဤသို့နည်းအမျိုး မျိုးဖြင့်ပျောက်ဆုံးသွားသောရေများက ရာဇဝင်လမ်းကြောင်းတလျှောက်တွင် ပဋိညာဉ်မိသားစုဝင်ထဲမှထုတ်ပယ်ခြင်း ခံရသောသူများကိုပုံဆောင်သည်။ မြစ်ကြောင်းတလျှောက်တွင်အဆုံးအထိမစီးဆင်းနိုင်ဘဲပျောက်ဆုံးသွားသောရေထု များစွာရှိနေသော်လည်း မြစ်ကြီးကတော့ဆက်လက်စီးဆင်းနေမြဲဖြစ်သည်။ ဘုရားသခင်၏ပဋိညာဉ်လိုင်းကြောင်းနှင့် သမိုင်းဝင်ထင်ရှားပေါ်ထွန်းနေသော ကောင်းကင်နိုင်ငံတော်သည်လဲ ဤကဲ့သို့ပင်ဖြစ်၏။

အစ္စရေးဖြစ်သော်လည်း စစ်မှန်သောအစ္စရေးမဟုတ်သူများသည် ကမ္ဘာကြီးထဲမှာ သမိုင်းဝင်ပေါ်လွင်ထင် ရှားခြင်းရှိနေသော (သခင်ခရစ်တော်၏နိုင်ငံတော်၏တစိတ်တပိုင်းဖြစ်သော) ခရစ်ယာန်အမည်ခံလူ့အဖွဲ့အစည်းထဲ မှာ ပါဝင်နေကြပါသည်။ အဖြစ်အပျက်တိုင်းတွင် သူတို့သည် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းက စုသိမ်းခံရခြင်း အားဖြင့် ဝင်ရောက်လာကြခြင်းဖြစ်၏။

ရာဇဝင်အဆက်ဆက်တွင် ပိုက်ကွန်ကတရွတ်တိုက်ဆွဲ၍စုသိမ်းလိုက်သော ငါးများသည်တန်းတူညီတူ ဆက်ဆံခြင်းခံစားကြရ၏။ ဤအချက်သည် သမိုင်းဝင်ဘုရားသခင့်နိုင်ငံတော်၏ အခြားသောခေတ်ကာလအပိုင်းအ ခြားများတွင်လဲ အတူတူပင်ဖြစ်၏။ ဓမ္မဟောင်းခေတ်ကာလအချိန်တွင် ဆိုးသောမျိုးစေ့များသည် ကောင်းသောမျိုး စေ့များနှင့် အတူတူတွဲ၍ ပတ်ဝန်းကျင်နိုင်ငံများနှင့်ကမ္ဘာကြီးထံမှ ပထဝီမြေအနေအထားအရနှင့် ရုပ်ပိုင်းဆိုင်ရာအရ သီးသန့်ခွဲထားခြင်းခံခဲ့ကြရ၏။ ဤအခြေအနေမျိုးတွင် အကြောင်းကိစ္စများစွာကို သူတို့ အတူတူမျှဝေခံစားခဲ့ကြရ၏။ သူတို့သည် –ပညတ်တော်၊ ဗိမာန်တော်၊ ယဇ်ပုရောဟိတ်အရိုက်အရာ၊ ယဇ်ပူဇော်ခြင်း၊ ဘုရင်၊ ကတိတော်ထားရာ မြေ –စသည်စသည်တို့ကိုအတူတူမျှဝေခံစားခဲ့ကြ၏။ ဓမ္မသစ်ခေတ်ကာလတွင်လဲ ထို့အတူပင်ဖြစ်၏။ သမိုင်းဝင်ထင် ရှားပေါ်ထွန်းနေသော နိုင်ငံတော်နှင့်ပဋိညာဉ်တရား၏ သားသမီးအားလုံးသည် ဗတ္တိဇံမင်္ဂလာ၏ ဖျန်းပက်သောရေ အားဖြင့် ဤကမ္ဘာကြီးမှသီးသန့်ခွဲထားခြင်းခံကြရ၏။ သူတို့သည် –တရားဒေသနာဟောကြားခြင်း၊ ပွဲတော်မင်္ဂလာ များသုံးဆောင်ခြင်း၊ ပဋိညာဉ်တရားဆိုင်ရာသွန်သင်ပေးခြင်း၊ ပဋိညာဉ်ကျောင်းများ၊ ယုံကြည်ခြင်းဆိုင်ရာတိုက် ပွဲဝင်ဖို့ရန်ခေါ်ခြင်း၊ ထာဝရတည်သောဆုလာဘ်ကို မျှော်လင့်ခြင်း –စသည်စသည်တို့ကို အတူတူမျှဝေ ခံစားကြ၏။

သို့သော် ဤသို့ဖြစ်ခြင်းက သူတို့အားလုံးသည် စစ်မှန်သောအာဗြဟံ၏မျိုးစေ့နှင့် ကတိတော်၏သားသမီး များဖြစ်သည်ဟု မဆိုလိုပါ။ ဆိုးသောမျိုးစေ့အများအပြားရှိနေပါ၏။ ယုံကြည်ခြင်းစွန့်လွှတ်လိုက်သောမျိုးဆက်များ ရှိနေ၏။ တန်ဖိုးမရှိသောငါးများလဲရှိနေ၏။ ဤသို့ဖြစ်ရခြင်းသည် ဘုရားသခင်၏ရည်ရွယ်ချက်ပင်ဖြစ်၏၊ အဘယ့်

ကြောင့်ဆိုသော် ဘုရားသခင်အလိုတော်ရှိ၍ပင်တည်း။ နောက်ဆုံးအချိန်ရောက်သည်အထိ ဤအတိုင်းပင်ဖြစ်နေမည်ဖြစ်၏။

ဆန့်ကျင်တိုက်လှန်မှုသည် နိုင်ငံတော်အတွင်းတွင် အမြဲတမ်းပြင်းထန်စွာရှိနေမည်ဖြစ်၏။ ဓမ္မဟောင်းကာလအတွင်းက ဤသို့ဖြစ်ခဲ့ပြီးဖြစ်၏။ မကြာခဏဆိုသလိုပင် ဆိုးညစ်သောသူတို့က ဘုရားသခင်၏အမွေခံတို့အကြားမှာ အောင်ပွဲခံနေတတ်ကြ၏။ သူတို့က –မိမာန်တော်ကိုညစ်ညူးစေကြ၏၊ ပြည်သူတို့ကို ရုပ်တုဆင်းတုကိုးကွယ်ရန် ဦးဆောင်သွားကြ၏၊ ပညတ်တော်များကိုစွန့်လွှတ်လိုက်ကြ၏၊ အစ္စရေးနိုင်ငံကို ပတ်ဝန်းကျင်နိုင်ငံများနှင့် ရောနှောပေါင်းစပ်သွားအောင်လုပ်ကြ၏။

ဤအမှုအရာများသည် ဓမ္မသစ်ကာလတွင်လဲဖြစ်ပေါ်နေပါ၏။ အသင်းတော်ထဲမှ အယူဝါဒစွန့်လွှတ်ခြင်းပုံဆောင်ခဲက သမ္မာတရားကိုယိုယွင်းအောင်လုပ်နေသည်၊ သူတို့ကအသင်းတော်ကို အယူအဆအသစ်များနှင့်မှားယွင်းသောသွန်သင်ချက်များဆီသို့ဦးဆောင်သွားနေသည်၊ သူတို့က ကမ္ဘာကြီးနှင့်လိုက်လျောညီထွေဖြစ်သင့်သည်ဟုရှေ့နေလိုက်နေကြသည်၊ နိုင်ငံတော်၏အခန်းကဏ္ဍများဖြစ်သော –ခရစ်ယာန်စာသင်ကျောင်းများ၊ အသင်းတော်၏သာသနာပြုအစီအစဉ်များ၊ ပွဲတော်မင်္ဂလာများ၊ ယုံကြည်သူများကိုအမှုတော်အတွက်ခေါ်ခြင်းများ၊ –စသည်တို့ကို သူတို့၏အပြစ်လွှမ်းသောရည်ရွယ်ချက်များပြည့်စုံဖို့ ဦးတည်အသုံးချနေကြသည်။

အယူဝါဒစွန့်လွှတ်သူများသည် နိုင်ငံတော်အတွင်းမှာဆက်နေပြီး ဤသို့လုပ်နေကြခြင်းဖြစ်သည်။ သူတို့နိုင်ငံတော်အတွင်းမှာရှိနေကြသောကြောင့် သူတို့ကျူးလွန်သောအရာများ အဆိုးကြီးမဟုတ်ပါဟုမှတ်ယူ၍မရပါ။ ထိုမှဆန့်ကျင်ဖက်ဖြစ်စွာ သူတို့သည် ဘုရားသခင်၏ပဋိညာဉ်အသိုင်းအဝိုင်းအတွင်းမှ ဤသို့လုပ်နေကြခြင်းကြောင့် သူတို့ ၏အပြစ်များပို၍ကြီးလေးနေပါ၏။ သူတို့သည် တနေ့နေ့မှာတော့ကောင်းသောငါးများဖြစ်လာနိုင်ကောင်းရဲ့ဟူ၍ မျှော်လင့်ထားသောကြောင့် နိုင်ငံတော်အတွင်းမှာဆက်နေခွင့်ပြုထားခြင်းမဟုတ်ပါ။ ဤသို့မျှော်လင့်ခြင်းသည် ရူးမိုက်ခြင်းပင်ဖြစ်၏။ ထိုသို့မဟုတ်ဘဲ သူတို့ကိုပဋိညာဉ်တရားအတွင်းမှာဆက်နေစေခြင်းဖြင့် ဆန့်ကျင်တိုက်လှန်ခြင်း၏သဘောသဘာဝအားလုံးကို အပြည့်အဝပေါ်ထွက်နိုင်မည်ဖြစ်၍ပင်တည်း။

ခေတ်ကာလကုန်ဆုံးချိန်၌ခွဲထုတ်ခြင်း

ကောင်းသောငါးနှင့်ဆိုးသောငါးတို့ကိုအပြီးအပိုင်ခွဲထုတ်ခြင်းသည်––ကမ္ဘာကြီး၏အဆုံး–၌ဖြစ်ပေါ်လာမည်ဖြစ်၏။ ဤကာလသည် စိတ်ကူးယဉ်သက်သက်မျှသာမဟုတ်၊ အဆုံးသတ်များစွာထဲမှတခုမျှသာမဟုတ်ပါ။ ဤကာလသည် ဘုရားသခင်၏ရည်ရွယ်ချက်ရှုထောင့်မှကြည့်လျှင် ခေတ်ကာလများ၏ လုံးဝဥဿုံနိဂုံးချုပ်ချိန်ပင်ဖြစ်၏။ ထိုအချိန်တွင် ဘုရားသခင်၏ရည်ရွယ်ချက်အားလုံး(ဤကမ္ဘာကြီး၏အခြေခံအုတ်မြစ်များကိုမတည်ဆောက်မီကပင်)သူကိုယ်တိုင်အတည်ပြုထားပြီးသည့်အတိုင်း အပြည့်အဝထမြောက်အောင်မြင်ပြီးဖြစ်၏။ ဘုရားသခင်က လုပ်ဆောင်ဖို့ ရည်ရွယ်သောအရာမှန်သမျှ ထမြောက်အောင်မြင်ပြီးဖြစ်၏။ ဘုရားသခင်က ခန့်အပ်ထားသောရွေးကောက်ခြင်းခံရသူအားလုံး(တယောက်မှမကြွင်းဘဲ) နိုင်ငံတော်အတွင်းသို့ခေါ်သွင်းပြီးချိန်ဖြစ်၏။ ဆိုးညစ်သောသူများသည်လဲ သမိုင်းဝင်နိုင်ငံတော်အတွင်း၌နေထိုင်ရင်း သူတို့၏ဆိုးညစ်ခြင်းခွက်ဖလားကိုပြည့်လျှံသည်အထိ၊ တရားစီရင်ဖို့ရင့်မှည့်နေသည်အထိတိုးတက်ကြီးပွားလာကြပြီဖြစ်၏။ ထို့ကြောင့် ထိုအဆုံးသတ်ချိန်သည် လူ့သမိုင်း၏နိဂုံးချုပ်ချိန်ပင်ဖြစ် ၏။ ထိုနေရာမှကျော်လွန်၍ လူ့သမိုင်းဆက်မရှိနိုင်တော့ပါ။ ဤအချိန်သည် ဒေင်ဥယာဉ်မှစတင်ခဲ့သမျှအားလုံးအပြီး အပိုင်နိဂုံးချုပ်သွားချိန်ဖြစ်၏။ ဘုရားသခင်၏ရှုထောင့်မှကြည့်လျှင် လူ့သမိုင်းရှေ့ဆက်နိုင်စရာလမ်းမရှိတော့ပြီ။ လူ့ သမိုင်းသည် နောက်ထပ်လှုပ်ရှားမှုတခုအတွက် ဆက်ရှိမနေနိုင်တော့ပါ။ နိုင်ငံ ၂–ခုစစ်တိုက်ကြသလိုပင်ဖြစ်၏၊ စစ်ပွဲ ကိုစိတ်ကူးပေါက်သလိုရပ်ပစ်၍မရပါ။ စစ်ပြိုင်နိုင်ငံတခုခု၏ ရည်မှန်းချက်ပန်းတိုင်ရောက်မှသာလျှင် စစ်ပွဲပြီးဆုံးမည် ဖြစ်၏။ ရန်သူအပေါ်မှာအောင်ပွဲရချိန်ရောက်မှသာ စစ်ပွဲပြီးဆုံးမည်ဖြစ်၏။

ဤအဆုံးသတ်ချိန်ကို စစ်မှန်သောယုံကြည်သူများ ကယ်တင်ခြင်းခံရသောအဖြစ်အပျက်အားဖြင့် အမှတ်အသားပြုမည်ဖြစ်၏။ သူတို့သည် ထိုအချိန်မရောက်မချင်း ဘုရားသခင်၏နာမတော်ကိုခေါ်ကြသူအနည်းငယ်သာကျန်ရှိသည်အထိ အမဲလိုက်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းခံကြရဦးမည်ဖြစ်၏။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏ သမ္မာတရားကိုကြားချင်၍မှ မကြားရတော့ချိန်ရောက်လာဦးမည်ဖြစ်၏။ သက်သေခံများအားလုံးသတ်ဖြတ်ခြင်းခံကြရပြီး၊ သူတို့၏ရုပ်အလောင်းများကို ဖောက်ပြန်သောဂျေရုဆလင်မြို့၏ လမ်းမကြီးများပေါ်တွင် ဖြန့်ကျဲထားခြင်းခံရလိမ့်မည်ဖြစ်၏(ဗျာဒိတ် ၁၁း၁–၁၀)။ ဤကမ္ဘာ ပေါ်တွင် ဘုရားသခင်ကိန်းဝပ်တော်မူခဲ့သောနေရာကို ဆိုးညစ်သောသူတို့၏ခြေဖဝါးများက နင်းခြေဖျက်ဆီးကြလိမ့်မည်။ ပဋိညာဉ်တရားကိုစွန့်ပယ်သောသူတို့၏မျိုးစေ့သည် တိုးပွားခြင်း

ရှိနေမည်။ အရာခပ်သိမ်းသည် အန္တိခရစ် (ခရစ်တော်၏ရန်သူ)၏ တန်ခိုးအာဏာနှင့်အုပ်စိုးခြင်းကိုဝန်ခံကြလိမ့်မည်။ ဤကမ္ဘာကြီးကို သခင်ခရစ်တော်ကမအုပ်စိုးတော့ဘဲ အန္တိခရစ်ကအုပ်စိုးသွားပြီး သူ့နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာနိုင်ငံကြီးဖြစ်လာလိမ့်မည်။

သို့သော် ဘုရားသခင်သည် သူ၏ရည်ရွယ်ချက်ကိုမလွဲမသွေထမြောက်အောင်မြင်စေလိမ့်မည်။ ကောင်းကင်နိုင်ငံတော်၏ပိုက်ကွန်သည် ထာဝရကာလတည်းဟူသောကမ်းခြေသို့ ဦးတည်လျက်စုသိမ်းသွားလိမ့်မည်။

ကောင်းကင်တမန်များသည် အပြီးသတ်ခွဲခြမ်းခြင်းကိုလုပ်ဆောင်ကြလိမ့်မည်။ ဤသို့ပင်ဖြစ်ရပါမည်။ ကောင်းကင်တမန်များသည် ဘုရားသခင်၏အလိုတော်ကိုလုပ်ဆောင်ဖို့စေလွှတ်ခြင်းခံရသူတို့အား လုပ်ကျွေးပြုစုရသူ ဘုရားသခင်၏ဝိညာဉ်များဖြစ်ကြ၏။ သူတို့သည် သခင်ခရစ်တော်၏အမှုတော်ကိုထမ်းရွက်နေသောချန်ပီယန်များ (ဘုရားသခင်၏လူများ)ကို ကာကွယ်စောင့်ရှောက်ရသူများဖြစ်ကြ၏။ သူတို့သည် နိုင်ငံတော်၏အရေးကိစ္စများကို စိတ်အားထက်သန်စွာစောင့်ရှောက်လျက်ရှိကြပြီး ရွေးကောက်ခြင်းခံရသူများ၏ သာယာချမ်းမြေ့ရေးအတွက် အမြဲလုပ်ဆောင်ပေးလျက်ရှိကြ၏။ ခမ္မဟောင်းခေတ်ကာလရှိ ဒုက္ခအကြီးအကျယ်ရောက်နေသောသန့်ရှင်းသူကြီးများထံ နှစ်သိမ့်သောစကား၊ ကောင်းမြတ်သောအားပေးအားမြှောက်ပြုခြင်းတို့နှင့်အတူ သူတို့ပေါ်မလာသောအကြိမ်မည်မျှရှိဖူးပါသနည်း။ တိတ်ဆိတ်သောညအချိန်တစ်ခုတွင် လူ့ဇာတိခံယူလာသောသားတော်ဘုရားအကြောင်းကို ဗေရုတ်တောင်ကုန်းပေါ်မှာ သူတို့က တေးသီချင်းသီဆိုလျက်သတင်းပေးခဲ့ကြသည်။ ဥယာဉ်အတွင်းမှာ သခင်ဘုရားသည် လက်ဝါးကပ်တိုင်ခရီးအတွက် စိတ်နှလုံးကွဲအက်မတတ်ဆုတောင်းခွန်အားယူနေစဉ်တွင် သူတို့လာရောက်နှစ်သိမ့်ပေးခဲ့ကြသည်။ ရှင်ပြန်ထမြောက်ခြင်းအကြောင်း ဘုန်းတန်ခိုးကြွယ်ဝလှသောသတင်းကောင်းကို ဂျိုးဆက်ဖ်၏ဥယာဉ်အတွင်း၌ပထမဆုံးအကြိမ်ဟောပြောခဲ့ကြသူမှာလဲ သူတို့ဘဲဖြစ်သည်။ တပည့်တော်များသည် ကောင်းကင်သို့တက်ကြွသွားသော သခင်ဘုရားကိုမျှော်ငေးနေကြမည့်အစား ကောင်းကင်ဘုံမှနေ၍မိုးတိမ်ကိုစီးကာ ဒုတိယအကြိမ်ပြန်ကြွလာမည့် သခင်ခရစ်တော်ကိုသာမျှော်လင့်ကြရန် တည့်မတ်ပေးလိုက်သူမှာလဲ သူတို့ဘဲဖြစ်သည်။ သူတို့သည် အသင်းတော်၏မွေးကင်းစအရွယ်တွင် အနီးကပ်၍စောင့်ရှောက်ထိန်းသိမ်းပေးခဲ့ကြသည်။ ထိုသို့ရှိနေသောကြောင့် အသင်းတော်၏အပြီးသတ် ကယ်တင်ခြင်းအမှုကိုလဲ ကောင်းကင်တမန်တို့ကိုယ်တိုင် လာရောက်ဆောင်ရွက်ကြလိမ့်မည်ဆိုခြင်းသည် အလွန်ဖြစ်သင့်သောအရာဖြစ်၏။ သူတို့သည် ကောင်းသောသူများကို ဆိုးသောသူများထံမှ သီးသန့် ခွဲထုတ်ကြလိမ့်မည်ဖြစ်၏။

ထာဝရကာလ၏ကမ်းခြေတွင် ပိုက်ကွန်ကြီးကိုအပြီးသတ်ဖွင့်လှစ်ချိန်တွင် ဘုရားသခင်၏လူများသည် သူတို့ဖခမည်းတော်၏ထာဝရနိုင်ငံတော်ထဲသို့ခေါ်သွားခြင်းခံကြရမည်ဖြစ်ပြီး၊ ဆိုးညစ်သောသူများကိုတော့ ငိုကြွေးခြင်းနှင့် အံသွားခဲကြိတ်ခြင်းသာရှိတော့သော ဟုန်းဟုန်းတောက်မီးအိုင်ကြီးထဲသို့ပစ်ချခြင်းခံကြရမည်ဖြစ်၏။ မြေကြီးပေါ်မှာရှိနေစဉ် အကောင်းနှင့်အဆိုးတို့ဘေးချင်းယှဉ်၍ကြီးထွားခဲ့ကြ၏။ ဤသို့နောက်ထပ်ဘယ်တော့မှမဖြစ်တော့ပါ။ မြေကြီးပေါ်မှာ ထိုနှစ်မျိုးလုံး၏အခြေခံလိုအပ်ချက်များကိုတန်းတူညီတူပေးအပ်ထားသည်။ မြေကြီးပေါ်မှာ ဘုရားသခင် ၏လူတို့သည် သခင်ခရစ်တော်၏အမှုတော်အတွက်တိုက်ပွဲဝင်နေကြရသည်၊ အဘယ့်ကြောင့်ဆိုသော် နိုင်ငံတော်အ တွင်းမှာ ဆိုးညစ်သောသူများရှိနေကြ၍ဖြစ်သည်။ သို့သော် သူတို့၏ဝိညာဉ်ဓါးရှည်ကြီးများကို တနေ့သောအခါမှာ အောင်ပွဲခံသော သံလွင်ခက်များအဖြစ်သို့ပြောင်းလဲနိုင်ကြလိမ့်မည်။ မြေကြီးပေါ်မှာ ပဋိညာဉ်တရား၏စစ်မှန်သော သားသမီးများသည် အပြစ်တင်ရှုံ့ချခြင်းနှင့်သတ်ဖြတ်ခြင်းကို တနေ့လုံးခံနေကြရသည်။ နောင်တချိန်မှာ သူတို့သည် အသက်သရဖူကိုဆောင်း၍ သူတို့သခင်၏ဘုန်းတော်ထဲသို့ဝင်ကြရလိမ့်မည်။ ဆိုးညစ်သောသူများကတော့ သူတို့၏ ထာဝရသေခြင်းထဲမှာ တနေ့လုံးအသေသတ်ခြင်းခံနေကြရလိမ့်မည်။ ဖြောင့်မတ်သောသူတို့ဘေးမှာ ဆိုးညစ်သူတို့ ဘယ်တော့မှရပ်နေခွင့်မရကြတော့ပါ။ သူတို့သည် သမိုင်းဝင်ထင်ရှားပေါ်ထွန်းနေသောနိုင်ငံတော်၏ အစိတ်အပိုင်း တခုဘယ်တော့မှဖြစ်ခွင့်မရတော့ပါ။ အပြီးသတ်ခွဲခြမ်းခြင်းသည် ကောင်းကင်နိုင်ငံ၏ကမ်းခြေတွင်ဖြစ်ပေါ်မည်ဖြစ် ပြီး၊ ထာဝရကာလပတ်လုံးအတည်ဖြစ်သွားမည်ဖြစ်၏။

ဤကမ္ဘာပေါ်မှာရှိနေချိန်တွင် ဖြောင့်မတ်သောသူတို့အတွက်ခွဲတမ်းမှာ ဒုက္ခဝေဒနာခံစားဖို့ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ဇာတိပကတိမျိုးစေ့များရှင်သန်နေမှုသည် သူတို့အတွက် ဘယ်တော့မှမဆုံးနိုင်သော ဝမ်းနည်းဖွယ်ကောင်းသော အနှောက်အယှက် ဖြစ်နေသောကြောင့်ဖြစ်၏။ သို့သော် ဘုရားသခင်၏လူတို့သည် ကောင်းသောစိတ်အားတက်ကြွမှုရှိနေကြရမည်၊ အဘယ့်ကြောင့်ဆိုသော် ယခုပင် သခင်ဘုရားကြွလာတော့မည်ဖြစ်သောကြောင့်ဖြစ်သည်။ ယခုအချိန်တွင် ဆိုးညစ်သောသူများ ဘုရားသခင်၏အမွေခံများအထဲတွင်ပါဝင်နေကြသော်လည်း အချိန်တိုကလေးအတွင်းသာဖြစ်၏။ ဆိုးညစ်သောသူများသည် ရှေ့တလျှောက် ယခုအခြေအနေထက်ပင်ပို၍ကြီးထွားသန်

မာလာကြီးမည်ဖြစ်သည်။ သို့သော် လောကကိုအောင်သောသူကား ဘုရားသခင်ဖြစ်ဘွားစေသောသူပေတည်း! ထို့အတူ လောကကိုအောင်ခြင်းအကြောင်းကား ငါတို့၏ယုံကြည်ခြင်းပေတည်း! သန့်ရှင်းသူတို့ ခေါင်းမော့၍ထားကြလော့၊ သင်တို့၏ကယ်တင်ခြင်းနီးကပ်လာပြီ!
(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

=======================================================

ယောဇ် ၁၀ (ဂျိန်းဘုရင်မူ)
၁ – ပညတ်တော်သည် ရောက်လာမည့်ကောင်းသောအရာများ၏ အရိပ်သဏ္ဌာန်သာဖြစ်ပါသည်၊ ထိုအရာတို့၏ တကယ့်ပုံသဏ္ဌာန်မဟုတ်ပါ၊ နှစ်စဉ်မပြတ်ပူဇော်သော ထိုယဇ်များက လာရောက်သူတို့ကို ဘယ်တော့မှ ပြည့်စုံခြင်းသို့ မရောက်စေပါ။ ၂ – ပြည့်စုံစေနိုင်သည်မှန်လျှင် ယဇ်ပူဇော်ခြင်းကို ရပ်တန့်လိုက်မည်မဟုတ်ပါလား? အဘယ်ကြောင့်ဆိုသော် တခါတည်းစင်ကြယ်သွားသည့် ဝတ်ပြုသူများသည် အပြစ်များ၏သြတ္တပ္ပစိတ် ရှိတော့မည် မဟုတ်သောကြောင့်ပင်။ ၃ – သို့သော် ထိုယဇ်ပူဇော်ခြင်းများ၌ နှစ်စဉ် အပြစ်များကိုသတိရခြင်း ရှိနေပါသည်။ ၄ – အဘယ် ကြောင့်ဆိုသော် နွားများ၊ ဆိတ်များ၏အသွေးက အပြစ်ကို ယူဆောင်မသွားနိုင်၍ဖြစ်သည်။ ၅ – ထို့ကြောင့် သူ ဤကမ္ဘာသို့လာသောအခါ၊ ယဇ်များ၊ ပူဇော်ခြင်းများကို ကိုယ်တော်က မနှစ်သက်ပါ၊ သို့သော် ကိုယ်တော်သည် ငါ့အတွက် ကိုယ်ခန္ဓာတခုကို ပြင်ဆင်ပါသည်ဟု ပြောခဲ့ပါသည်။ ၆ – အပြစ်အတွက်ပြုသော မီးရှို့သောပူဇော်ခြင်းများ၊ ယဇ်များကို ကိုယ်တော်သည် မနှစ်သက်ပါ။ ၇ – ထို့နောက် (စာလိပ်တော်၌ ကျွန်ုပ်၏အကြောင်းကို ရေးထားသကဲ့သို့) ကျွန်ုပ်သည် ကိုယ်တော့်အလိုတော်ကို ပြုလုပ်ရန်လာပါသည်၊ အိုးဘုရားသခင်ဟု ငါပြောပါသည်။ ၈ – အထက်က ပညတ်တော်အတိုင်း ပူဇော်သောယဇ်များ၊ ပူဇော်ခြင်းများ၊ မီးရှို့ရာယဇ်များနှင့် အပြစ်အတွက် ပူဇော်ခြင်းများကို ကိုယ်တော်သည် အလိုမရှိသောကြောင့်၊ နှစ်သက်တော်မမူသောကြောင့်၊ ၉ – ကြည့်ပါ၊ ကျွန်ုပ်သည် ကိုယ်တော်၏အလိုတော်ကို ပြုလုပ်ရန် လာပါသည်၊ အိုး ဘုရားသခင်ဟု သူကပြောပါ သည်၊ သူသည် ဒုတိယပဋိညာဉ်ကို တည်ထောင်ရန် ပထမပဋိညာဉ်ကို ယူသွားပါသည်။ ၁၀ – ထိုဒုတိယပဋိညာဉ်အားဖြင့်၊ အားလုံးအတွက် တကြိမ်ပြုသော ယေရှုခရစ်တော်၏ခန္ဓာကိုယ်ကို ပူဇော်ခြင်းကြောင့် ငါတို့သည် သန့်ရှင်းခြင်းသို့ရောက်ကြ၏။ ၁၁ – ယဇ်ပုရောဟိတ်တိုင်းသည် အပြစ်များကို ဘယ်တော့မှယူဆောင် မသွားနိုင်သည့်၊ တူညီသောယဇ်များကို ထပ်ခါတလဲလဲ ပူဇော်ခြင်း၊ အမှုတော်ဆောင်ခြင်းတွင် နေကြရသည်။ ၁၂ – သို့သော် ဤသူသည်၊ အပြစ်များအတွက် တကြိမ်ယဇ်ပူဇော်ခြင်းကို ပူဇော်ပြီးသောအခါ၊ ဘုရားသခင်၏ လက်ျာဖက်တွင် ထိုင်ပါသည်။ ၁၃ – ထိုအချိန်မှနေ၍ သူ၏ရန်သူများကို သူ့ခြေတင်ရာအဖြစ် လုပ်သည်အထိစောင့်နေပါမည်။ ၁၄ – အဘယ်ကြောင့်ဆိုသော် တကြိမ်ယဇ်ပူဇော်ခြင်းဖြင့် သန့်ရှင်းခြင်းသို့ပို့ခြင်းခံရသူများအားလုံး ပြည့်စုံခြင်းသို့ရောက်ရန် ပြုပြီးသောကြောင့်ဖြစ်သည်။ ၁၅ – ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်က ငါတို့ထံသက်သေခံသည်မှာ၊ ရှေ့ပြောခဲ့သည်များကို ပြောပြီးနောက်၊ ၁၆ –ဘုရားသခင်က ဤ၏သည်ကား ထိုနေ့ရက်များပြီးနောက် သူတို့နှင့်ငါပြုမည့်ပဋိညာဉ်ဖြစ်သည်၊ ငါ၏ပညတ်များကို သူတို့နှလုံးသားများထဲသို့ ငါထားမည်၊ သူတို့စိတ်များထဲတွင် ရေးထားမည်ဟု ပြောပါသည်။ ၁၇ –သူတို့၏အပြစ်များ၊ ဒုစရိုက်များကို ငါမှတ်ထားတော့မည် မဟုတ်။ ၁၈ – ယခုတွင် အပြစ်မှလွတ်ခြင်းရှိသည့်နေရာတွင် အပြစ်အတွက် ယဇ်ပူဇော်စရာ မလိုတော့ပါ။ ၁၉–၂၀ – ထို့ကြောင့် ညီအကိုတို့၊ ယေရှု၏အသွေးအားဖြင့် ရဲရင့်စွာ အသန့်ရှင်းဆုံး အခန်းသို့ ဝင်ရောက်ကြပါမည်၊ ငါတို့အတွက် သူ၏ခန္ဓာကိုယ်ဟုခေါ်သည့် ကုလားကာအားဖြင့် သူပြင်ဆင်ပေးသော သစ်သော ရှင်သန်သော လမ်းနှင့် သွားကြပါမည်။ ၂၁ – ဘုရားသခင်၏ အိမ်တော်ကိုအုပ်စိုးရသော ယဇ်ပုရောဟိတ် မင်းရှိသဖြင့်၊ ၂၂ – ပြည့်စုံလှသည့်သေချာလှသောယုံကြည်ခြင်းရှိသည့် မှန်သောနှလုံးသားဖြင့် အနီးသို့ ချဉ်းကပ်ကြ ပါမည်၊ ငါတို့၏နှလုံးသားများကို ဆိုးညစ်သောသြတ္တပ္ပစိတ်မှ ဖြန်းလျှက်၊ ငါတို့၏ကိုယ်ခန္ဓာများကို စင်ကြယ်သောရေ နှင့် ဆေးကြောကြပါမည်။ ၂၃ – ငါတို့ဝန်ခံသောယုံကြည်ခြင်းကို တိမ်းယိမ်းခြင်းမရှိဘဲ၊ ခိုင်မာစွာ ကိုင်စွဲကြပါမည်၊ အဘယ်ကြောင့်ဆိုသော သူ သည် ပေးသောကတိများအပေါ် သစ္စာရှိသည်။ ၂၄– ထို့နောက် တဦးနှင့်တဦး ဂရုစိုက်ကြမည်၊ ချစ်ခြင်းမေတ္တာထားရန် နှိုးဆော်ကြမည်၊ ကောင်းသောအလုပ်များ လုပ်ကိုင်ကြရန် နှိုးဆော်ကြပါ မည်။ ၂၅ – ငါတို့၏ထုံးစံဖြစ်သည့် အတူတကွစုဝေးကြခြင်းကို မစွန့်ပယ်ကြနှင့်၊ တဦးကိုတဦး အားပေးကြလော့၊ ထို နေ့သည် နီးကပ်လာပြီဟု တွေ့ကြသည့်အတိုင်း၊ ပို၍လုပ်ကိုင်ကြလော့။ ၂၆ – အကယ်၍ ငါတို့သည် အမှန်တရားအ သိပညာကို သိပြီးမှ၊ လိုချင်စွာအပြစ်ပြုလျှင်၊ အပြစ်များအတွက် ပူဇော်ခြင်းသည် ရှိတော့မည်မဟုတ်၊ ၂၇ – ထိုမှ ဆန့်ကျင်စွာ ကြောက်မက်ဖွယ်သောတရားစီရင်ခြင်းနှင့် ဆန့်ကျင်သူများကိုလောင်ကျွမ်းပစ်မည့်၊ ပြင်း ထန်သောအ

မျက်တော်ကိုသာ ရှာဖွေတွေ့ရှိမည်ဖြစ်သည်။ ၂၈ – မောရှေ၏ ပညတ်တော်များကို အထင်သေးသောသူသည်၊
သက်သေနှစ်ဦးသုံးဦးရှေ့တွင် ဂရုဏာကင်းစွာ သေဒဏ် စီရင်ခံရသည်။ ၂၉ – ထို့ကြောင့် ဘုရားသခင်၏သားတော်
ကို ခြေအောက်တွင်ချနင်းသူ၊ မိမိအားသန့်ရှင်းစေသော ပဋိညာဉ်တရား ၏အသွေးတော်ကို မသန့်ရှင်းသောအရာဟု
သတ်မှတ်သူ၊ ဝိညာဉ်တော်၏ကျေးဇူးတော်ကို အထင်သေးသူသည် မည် မျှပို၍ခံထိုက်သည်ဟု သင်ထင်ပါသနည်း
? ၃၀ – ငါတို့သည်၊ လက်စားချေခြင်းကို ငါပိုင်သည်ဟု ပြောသောသူကို သိကြသည်၊ နောက်တဖန်၊
ဘုရားသခင်သည် မိမိလူတို့ကို စီရင်မည်ဟု ပြောပါသည်။ ၃၁ – အသက်ရှင်သော ဘုရားသခင်၏
လက်တော်အတွင်း ကျရောက်ခြင်း သည် ကြောက်စရာကောင်းလှပါသည်။ ၃၂ – သင်သည်
အလင်းကိုရခဲ့ပြီးနောက်ပိုင်း အစပျိုးနေ့ရက်များကို သတိရ ပါ၊ ထိုအချိန်က သင်တို့သည်
ကြီးမားသောဒုက္ခဆင်းရဲခြင်းများကို သီးခံခဲ့ကြသည်။ ၃၃ – တစိတ်တပိုင်းအားဖြင့် သင်တို့သည် ပြစ်တင်ရှုတ်ချခြင်း၊
ထိခိုက်စေခြင်း နှစ်မျိုးလုံးဖြင့် ရှက်စရာအဖြစ်ကိုခံကြရကာ၊ တစိတ်တပိုင်းအားဖြင့် သင်တို့သည်
ထိုသို့ပြုခြင်းခံခဲ့ရပြီးသူတို့၏မိတ်ဆွေများ ဖြစ်လာကြသည်။ ၃၄ – သင်တို့သည် ငါ၏ချည်နှောင်ခံရ ခြင်းကို
သနားကြသူများဖြစ်ကြပြီး၊ ကောင်းကင်ဘုံတွင် ပို၍ကောင်းသော၊ ပို၍ခံသောဘဏ္ဍာများကို ပိုင်ဆိုင်ကြမည်
ဟုသိလျက်၊ သင်တို့ပစ္စည်းများအား ဆုံးရှုံးရခြင်းကိုပင် ဝမ်းသာစွာခံယူကြသည်။ ၃၅ – ထို့ကြောင့် ကြီးစွာသော
ပြန်လည်ပေးဆပ်ခြင်းဆုလဒ်ဖြစ်သည့် သင်တို့၏စိတ်ချခြင်းကို အဝေးသို့ မလွှင့်ပစ်ကြနှင့်။ ၃၆ – သင်တို့သည်
သည်းခံခြင်းကိုလိုအပ်ကြသည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏အလိုတော်ကို သင်တို့ အရင်လုပ်ပြီးမှ၊ က
တိတော်ကို ခံရကြမည်ဖြစ်သည်။ ၃၇ – အဘယ်ကြောင့်ဆိုသော် လာမည့်သူသည် အချိန်အနည်းငယ်ကြာပြီးသည်
နှင့် လာမည်ဖြစ်သည်၊ ဖင့်နွှေးနေမည်မဟုတ်ပါ။ ၃၈ – ယခုအချိန်တွင် ဖြောင့်မတ်သော သူသည် ယုံကြည်ခြင်းဖြင့် အ
သက်ရှင်မည်ဖြစ်သည်၊ သို့သော် တစုံတဦးသည် နောက်ပြန်ဆုတ်သွားလျှင်၊ သူ၏ဝိညာဉ်သည် ထိုသူ့အပေါ် နှစ်
သက်မှု ရှိမည်မဟုတ်ပါ။ ၃၉ – သို့သော် ငါတို့သည် ပျက်ဆီးရာသို့နောက်ပြန်ဆုတ်သွားကြသူများ မဟုတ်ကြ၊ သို့
သော် ဝိညာဉ်များကယ်တင်ခြင်းရရန် ယုံကြည်သူများသာဖြစ်ကြပါသည်။